**Network for Democracy and Development**

**Documentation and Research Department**

P.O Box 179, Mae Sod, Tak, 63110, Thailand. Phone: +66 (0) 89 267 8417.
E-mail: ndddrd@csloxinfo.com; ndddrd07@gmail.com

# တစ်ပတ်အတွင်းမြန်မာ့နိုင်ငံရေးသတင်းအကျဉ်းချုပ် (၀၉၇/ ၂၀၁၁)

၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလ (၂၇) ရက်နေ့မှ ၂၀၁၁ ခုနှစ် ဒီဇင်ဘာလ (၀၃) ရက်နေ့အထိ

## ကြံ့ဖွံ့အစိုးရ

- မြန်မာနိုင်ငံနှင့်အမေရိကန်တို့ ဆက်ဆံရေးများတိုးတက်လာပြီဖြစ်သောကြောင်း အမေရိကန်မှ မြန်မာနိုင်ငံအပေါ် အရေးယူဒဏ်ခတ်ပိတ်ဆို့မှုများ ရုပ်သိမ်းသည်အနေထိ မြန်မာအစိုးရဘက်မှ မျှော်လင့်နေကြောင်း သမ္မတ ဦးသိန်းစိန်၏ နိုင်ငံရေးအကျန်ပေးပုဂ္ဂိုလ် ဦးနေဇော်လတ်က ပြောသည်။ (VOA 281111) Read More...
- မြန်မာ သမ္မတ ဦးသိန်းစိန်က ဂျပန်ဝန်ကြီးချုပ် ယိုရှိဟီကိုနိုဒါနှင့် နိုဝင်ဘာလ ၁၈ ရက်နေ့က အင်ဒိုနီးရှားနိုင်ငံ ဘာလီမြို့၌ တွေ့ဆုံစဉ် သမ္မတ ဦးသိန်းစိန်က ဒေါ်အောင်ဆန်းစုကြည်နှင့် လက်တွဲဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။ (EMG 301111) Read More...
- အမေရိကန်နှင့် ဆက်ဆံရေး ကောင်းမွန်ရန် ကြိုးပမ်းနေသည့် မြန်မာအစိုးရက အင်အားကြီး တရုတ်နိုင်ငံနှင့် စစ်ရေးစာချုပ်တစ်ခုကို နိုဝင်ဘာ ၂၉ ရက်နေ့တွင် ချုပ်ဆိုလိုက်သည်။ (Irrawaddy 301111) Read More...
- အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်နှင့် တွေ့ဆုံဆွေးနွေးရာတွင် မြန်မာနိုင်ငံအကျဉ်းထောင်များတွင် ကျန်ရှိနေသေးသောနိုင်ငံရေးအကျဉ်းသားများလွှတ်ပေးမည်ဟု ကတိပြုခဲ့ကြောင်း ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရ ဦးရွှေမန်းက ပြောကြားလိုက်သည်။ (Mizzima 011211) Read More..., RFA...
- မြန်မာနိုင်ငံတွင် မီဒီယာပိုင်း၌ ယခုထက်ပိုမိုလွတ်လပ်မှုပေးနိုင်ရန် နိုင်ငံတကာမှ မီဒီယာလုပ်ငန်းများကိုလေ့လာနေကြောင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက နိုဝင်ဘာလ ၁၇ ရက်နေ့တွင် ပြောကြားလိုက်သည်။ (Myanmar Times Vol.28, No.546 02-081211) Read More...
- သျှမ်းပြည်တပ်မတော်တောင်ပိုင်းနှင့် သျှမ်းပြည်နယ်အစိုးရကိုယ်စားလှယ်တို့ တွေ့ဆုံပြီးနောက်ပိုင်း သျှမ်းပြည်အရှေ့ပိုင်းမိုင်းတုံမြို့နယ်ပုံပါကျင်မြို့နယ်ခွဲ ရပ်ကွက်ထဲ၌ သျှမ်းတပ်ကအပစ်ရပ်ပြီဟု ရပ်ရွာအုပ်ချုပ်ရေးမှူးက အသံချဲ့စက်ဖြင့်လိုက်လံကြေငြာနေကြောင်း ဒေသခံတဦးကပြောသည်။ (S.H.A.N 031211) Read More...
- လွှတ်တော်နှစ်ရပ်မှ အတည်ပြုလိုက်သည့် ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် စီတန်းလှည့်လည်ခွင့် ဥပဒေကို ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ (၃၅၄) ပုဒ်မခွဲ (ခ) အရ နိုင်ငံတော် ဥပဒေစိုးမိုးရေးနှင့် အေးချမ်းသာယာရေးကို မဆန့်ကျင်ပါက ဆန္ဒပြခွင့်ရှိသည်ဆိုသည့်အချက်ကို သမ္မတ ဦးသိန်းစိန်က ဒီဇင်ဘာ ၂ ရက်နေ့ နေ့စွဲဖြင့် လက်မှတ်ရေးထုတ်ပြန်လိုက်သည်။ (VOA 031211) Read More...

## ကြံ့ဖွံ့ပါတီ

- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD သည် လာမည့်ကြားဖြတ်ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်သည့်အတွက် ပြိုင်ဆိုင်မှုပိုမိုပြင်းထန်နိုင်ကြောင်း၊ ကြံ့ဖွံ့ပါတီ USDP အနေဖြင့်လည်း လစ်လပ်မဲဆန္ဒနယ်အားလုံးတွင်လည်း ဝင်ရောက်ယှဉ်ပြိုင်ရန်ရှိကြောင်း USDP ဗဟိုအလုပ်အမှုဆောင် ဦးအောင်သိန်းလင်းက ပြောကြားလိုက်သည်။ (EMG 301111) Read More...

**NDD- မှတ်တမ်းတင်နှင့်သုတေသနဌာန**

## တပ်မတော်

### (က) စစ်ဆင်ရေး

- ကချင်ပြည်နယ်အရှေ့တောင်ဘက် ဘလောင်ဒိန်ဆာ (Balawng Dingsa) အခြေစိုက်ထားသော KIA တပ်ရင်း (၂၇)အား မြန်မာအစိုးရတပ်က နိုဝင်ဘာ၂၈ ရက်နေ့တွင် တိုက်ခိုက်သိမ်းပိုက်ခဲ့သည်ဟု KIA အရာရှိများအတည်ပြုပြောသည်။ (KNG 291111) Read More..., BBC...

### (ခ) လူ့အခွင့်အရေးချိုးဖေါက်မှုများ

- ကချင်ပြည်နယ်တွင် ဆက်လက်ဖြစ်ပွားနေသည့် တိုက်ပွဲများအတွင်း အစိုးရတပ်များ၏ ညှဉ်းပန်းနှိပ်စက်မှုများ၊ အတင်းအဓမ္မ ခိုင်းစေမှုများနှင့် အရပ်သားများကိုဥပဒေမဲ့သတ်ဖြတ်မှုများကို အထောက်အထားနှင့်တကွ အစီရင်ခံစာတစ်စောင်အား နော်ဝေ အခြေစိုက် Partners Relief and Development အဖွဲ့က ထုတ်ပြန်လိုက်သည်။ (BBC 281111) Read More...
- နိုဝင်ဘာ ၂၇ ရက်နေ့က သျှမ်းပြည်တောင်ပိုင်း မိုင်းနောင်မြို့နယ် မိုင်းနန်းစခန်းချ ခလရ ၁၃၁ မှ မြန်မာစစ်သား ၃ ယောက်မှ ဆွံ့အနေသည့်အမျိုးသမီးငယ်ကို အုပ်စုလိုက် မုဒိန်းကျင့်ခဲ့ကြောင်း ဒေသခံတစ်ဦးက ပြောသည်။ (S.H.A.N 291111) Read More...
- ကချင်ပြည်နယ်အလယ်ပိုင်း တာလောကြီးရွာသို့ နိုဝင်ဘာလ ၃၀ ရက်နေ့က မြန်မာအစိုးရတပ် မိုးကောင်း စကခ-၃ လက်အောက်ခံ နမ္မတီးနယ်မြေခံ ခမရ (၃၈၂) နှင့် နမ်းမားနယ်မြေခံ ခမရ (၃၈၅)တို့က လက်နက်ကြီး ၄ ကြိမ် ပစ်ခတ်မှုတွင် အပြစ်မဲ့အမျိုးသမီး ၁ ဦး သေဆုံးပြီး ၆ ဦး ဒဏ်ရာရရှိကြောင်း ဒေသခံများပြောသည်။ (KNG 301111) Read More...
- ကချင်လွတ်မြောက်ရေးတပ်မတော် KIA နှင့် အစိုးရတပ်များအကြား တိုက်ပွဲများဖြစ်ပွားနေသည့် မိုးကောင်းနှင့်ဟိုပင်မြို့နယ်များတွင် ကျေးရွာအုပ်ချုပ်ရေးအာဏာပိုင်အမိန့်ဖြင့် ဒေသခံများကို မီးရထားလမ်းလုံခြုံရေးအတွက် အတင်းအဓမ္မကင်းစောင့်ခိုင်းနေကြောင်း ဒေသခံတစ်ဦးက ပြောသည်။ (S.H.A.N 021211) Read More...
- ကချင်ပြည်နယ် မန်မော်(ဗန်းမော်) ခရိုင် ဒေါ့ဖုန်းယန်မြို့နယ်ခွဲတွင် နိုဝင်ဘာ ၃၀ ရက်နေ့က ပြည်သူများ၏နေအိမ် ၁၅ လုံးကို မြန်မာအစိုးရတပ်က မီးရှို့ဖျက်ဆီးလိုက်သည်ဟု ဒေသခံများပြောသည်။ (KNG 021211) Read More...

## လွှတ်တော်

### ပြည်သူ့လွှတ်တော်

- ယုံကြည်ချက်ကြောင့် အကျဉ်းကျခံနေရသည့် အကျဉ်းသားများရှိနေပါက ၎င်းတို့ကို ဆူပူမှု၊ အုံကြွမှု အတွက်မပါဘဲ နိုင်ငံရေးကြောင့် ဆိုပါက အထူးကိစ္စတစ်ရပ်အနေဖြင့် စဉ်းစားပေးနိုင်ကြောင်း ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်းက နိုဝင်ဘာလ ၂၅ ရက်နေ့က ပြုလုပ်သည့် မီဒီယာတွေ့ဆုံပွဲတွင် ပြောကြားလိုက်သည်။ (EMG 271111) Read More...
- နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေမှာ အမှန်တကယ် အနားယူသွားပြီဖြစ်ကြောင်း ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်းက နိုဝင်ဘာလ ၂၅ ရက်နေ့က ပြောကြားလိုက်သည်။ (EMG 271111) Read More...
- မကြာမီကာလအတွင်း အမေရိကန် နိုင်ငံခြားရေး ဝန်ကြီး ဟီလာရီ ကလင်တန် မြန်မာနိုင်ငံသို့ လာရောက်ရာတွင် နှစ်နိုင်ငံဆက်ဆံရေး တိုးမြှင့်ရန်အတွက် အဓိကထား ဆွေးနွေးသွားမည်ဖြစ်ကြောင်း ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်း က နိုဝင်ဘာလ ၂၅ ရက်နေ့ကပြောကြားလိုက်သည်။ (EMG 271111) Read More...
- လက်ရှိပေါ်ပေါက်နေသော ဒေသတွင်း ပဋိပက္ခများ ချုပ်ငြိမ်းရေးနှင့်ပတ်သက်ပြီး သက်ဆိုင်ရာ လွှတ်တော်ရေးရာကော်မတီများ၏ ဆောင်ရွက်နေမှုနှင့် အလားအလာများအပေါ် ပြည်သူ့လွှတ်တော်၏ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်မှု ကော်မတီသည် လွှတ်တော်ပြင်ပမှာရော လွှတ်တော်အတွင်း၌ပါ ဆောင်ရွက်လျက်ရှိကြောင်းနှင့် တိုးမြှင့်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ပြောကြားလိုက်သည်။ (Myanmar Times Vol.28, No.546 02-081211) Read More...

**NDD- မှတ်တမ်းတင်နှင့်သုတေသနဌာန**

## မြန်မာနိုင်ငံ လူ့အခွင့်အရေးကော်မရှင်

- မြန်မာနိုင်ငံကို လာရောက်မည့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး၏ ခရီးစဉ်သည် မြန်မာ-အမေရိကန် နှစ်နိုင်ငံအကြား ဆက်ဆံရေး တိုးတက်မြှင့်စေရန် လမ်းစဖော်နိုင်ကြောင်းနှင့် မြန်မာနိုင်ငံ၌ ဒီမိုကရေစီလူ့အဖွဲ့အစည်းတစ်ရပ် တည်ထောင်နိုင်ရေးအတွက်လည်း အပြုသဘောဆောင်သည့် အခြေအနေများဖြစ်ပေါ်စေမည်ဖြစ်ကြောင်း မြန်မာနိုင်ငံလူ့အခွင့်အရေးကော်မရှင်က ကြိုဆိုလိုက်သည်။ (BBC 281111) Read More…
- အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်၏ မြန်မာနိုင်ငံခရီးစဉ်ကို မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်က ကြိုဆိုကြောင်း ကြေညာချက်ထုတ်ပြန်လိုက်သည်ဟု ကော်မရှင် ဥက္ကဌ ဦးဝင်းမရက ပြောသည်။ (BBC 291111) Read More…

## အခြားနိုင်ငံရေးပါတီများ

- မွန်ပါတီနှစ်ခုပူပေါင်းနိုင်ရန်အတွက် မွန်ပြည်သူများနှင့် ရဟန်းသံဃာတော်များ၏ ဆန္ဒများရယူပြီးမှ ဆုံးဖြတ်ချက်ချသွားမည်ဟု မွန်ဒေသလုံးဆိုင် ဒီမိုကရေစီပါတီ (AMDP) ဥက္ကဌ နိုင်ငွေသိန်း (ခေါ်) နိုင်ဂျူနူမွန်က ပြောသည်။ (IMNA 281111) Read More…
- ကရင်တိုင်းရင်းသားများဦးဆောင်သည့် ဖလုံ-စဝေါ်ပါတီ ဥက္ကဌ ဟောင်းက ပါတီမှ နှုတ်ထွက်ကာ "ကရင်ဒီမိုကရက်တစ်ပါတီ" အဖြစ် ထူထောင်လိုကြောင်း ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်သို့ လျှောက်ထားလိုက်ပြီဖြစ်ကြောင်း ပါတီ ဥက္ကဌ စောသန်းကျော်ဦးက ပြောသည်။ (Mizzima 291111) Read More… KIC
- အနာဂတ်တွင် မွန်အမျိုးသားတို့ကို ကိုယ်စားပြုသော နိုင်ငံရေးပါတီတစ်ခုတည်းသာ ရှိသင့်သည်ဟု မွန်ဒေသလုံးဆိုင်ရာဒီမိုကရေစီ ပါတီ All Mon Region Democracy Party (AMDP) (ဗဟို) က သဘောထားကြေညာချက် ထုတ်ပြန်လိုက်သည်။ (IMNA 011211) Read More…
- အမေရိကန်အစိုးရအနေဖြင့် ဒေါ်အောင်ဆန်းစုကြည်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD အပါအဝင် ပြည်မမှဒီမိုကရေစီအင်အားစု များနှင့် တိုင်းရင်းသားဒီမိုကရေစီပါတီများကို ယခင်ကထက် ပိုမိုအသိအမှတ်ပြုရန်နှင့် တိုင်းရင်းသားပါတီများကို နွေးနွေးထွေးထွေး ဆက်ဆံစေလိုကြောင်း ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ SNDP က ပြောဆိုလိုက်သည်။ (BBC 021211) Read More…, S.H.A.N…
- အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်သည် တိုင်းရင်းသားပါတီများ၊ လူမှုရေးအဖွဲ့အစည်းအချို့နှင့် ရန်ကုန်မြို့ ကမ္ဘာအေးလမ်း ဗိသုနိုး ပန်းချီပြခန်းမတွင် သောကြာနေ့က တွေ့ဆုံရာ တိုင်းရင်းသားဒေသများအတွင်း ဖြစ်နေသည့်ပဋိပက္ခများကို တင်ပြခဲ့သည်ဟုရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ SNDP မှ စပ်ယွန်းပိုင်က ပြောသည်။ (Mizzima 021211) Read More…
- ပျော်ဘွယ်မြို့နယ် အမျိုးသား ဒီမိုကရေစီအင်အားစု NDF ပါတီဝင် ၅ ဦးဖြစ်သော ဦးခင်အောင် (ဥက္ကဌ)၊ ဦးဇော်မင်း (အတွင်းရေးမှူး)၊ ဦးထွန်းထွန်းဝင်း (တွဲဘက် အတွင်းရေးမှူး)၊ ဦးကျော်စွာ (ဘဏ္ဍာရေးမှူး)နှင့် ကိုချမ်းမြေ့ပိုင် (လူငယ်တာဝန်ခံ) တို့က NDF အဖွဲ့ဝင်အဖြစ်မှ နှုတ်ထွက်သည့်စာများကို မြို့နယ်ကော်မရှင်ရုံးနှင့် မန္တလေးတိုင်းဒေသကြီး NDF ရုံးများထံသို့ နိုဝင်ဘာလ ၃၀ ရက်နေ့က ပေးပို့ခဲ့ကြသည်။ (RFA 031211) Read More…

## အတိုက်အခံအင်အားစုများ (ပြည်တွင်း)

### (က) ဒေါ်အောင်ဆန်းစုကြည်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

- ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဗဟိုအောင်နိုင်ရေးကော်မတီကို အဖွဲ့ဝင် ၁၁ ဦးဖြင့် နိုဝင်ဘာ ၂၈ ရက်နေ့က ဖွဲ့စည်းလိုက်ကြောင်း ပါတီပြောခွင့်ရပုဂ္ဂိုလ် ဦးအုန်းကြိုင်ကပြောသည်။ (Irrawaddy 281111) Read More…
- မဟာမိတ် "လူငယ်ကျောင်းသား" တက်ကြွလှုပ်ရှားသူများက အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ထဲဝင်ရောက်လာလျှင် ကြားဖြတ် ရွေးကောက်ပွဲ အမတ်နေရာငါးခုအတွက် ဝင်ရောက်ယှဉ်ပြိုင်ခွင့် ခွဲတမ်းပေးသွားရန် သဘောတူထားသည်ဟု ၈၈ မျိုးဆက် ကျောင်းသားခေါင်းဆောင်တဦးဖြစ်သူ ဦးဖြိုးမင်းသိန်းက ပြောသည်။ (Mizzima 281111) Read More…
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင် ဦးဉာဏ်ဝင်းက မှတ်ပုံတင်ရေးကိစ္စနှင့်ပတ်သက်သည့် ဆောင်ရွက်ချက်များကို နိုဝင်ဘာ ၂၈ ရက်နေ့က အစည်းအဝေးတွင်တင်ပြခဲ့ကြောင်း၊ ဆက်လက်လုပ်ဆောင်ရမည့်ကိစ္စများကို ဆွေးနွေးခဲ့ကြကြောင်း အဖွဲ့ချုပ် ပြန်ကြားရေးတာဝန်ခံ ဦးအုံးကြိုင်ကပြောသည်။ (RFA 281111) Read More…

**NDD- မှတ်တမ်းတင်နှင့်သုတေသနဌာန**

- အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ဟီလာရီ ကလင်တန်၏ ခရီးစဉ်အတွင်း မြန်မာအစိုးရခေါင်းဆောင်များနှင့်အရေးကြီးသည့် အကြောင်းများကို ဆွေးနွေးကြပြီးနားလည်မှုရရှိ၍ ပြုပြင်ပြောင်းလဲမှုများအား အရှိန်အဟုန်ပိုရလာလိမ့်မည်ဟု မျှော်လင့်ကြောင်း မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က ပြောကြားလိုက်သည်။ (RFA 301111) Read More…
- အမေရိကန်နှင့် ထိတွေ့ဆက်ဆံရမှုကို အားရကျေနပ်ကြောင်း မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က အမေရိကန် နိုင်ငံခြားရေးဝန်ကြီး မစ္စ ဟီလာရီ ကလင်တန်နှင့် ဒီဇင်ဘာ ၂ ရက်နေ့က တွေ့ဆုံစဉ် ပြောဆိုလိုက်သည်။ (Irrawaddy 021211) Read More…
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD) ပါတီမှခွဲထွက်ကာ ပါတီသစ်တည်ထောင်ထားသူများအပါအဝင် နုတ်ထွက်ထားသူတချို့သည် NLD ပါတီသို့ ပြန်လည်ဝင်ရောက်ရန် ပြင်ဆင်နေကြကြောင်း NDF ခေါင်းဆောင် ဦးခင်မောင်ဆွေက ပြောသည်။ (Irrawaddy 021211) Read More…
- မြန်မာအစိုးရအတွက် အရည်အသွေး မြှင့်တင်ရေးနှင့် နည်းပညာအကူအညီများ လိုအပ်သော်လည်း အရေးတကြီး လိုအပ်နေသည်မှာ တရားဥပဒေစိုးမိုးရေးနှင့် ပြည်တွင်းစစ်ရပ်ရေး ဖြစ်သည်ဟုဒေါ်အောင်ဆန်းစုကြည်က ဒီဇင်ဘာ ၂ ရက်နေ့တွင် ပြောဆိုလိုက်သည်။ (Mizzima 021211) Read More…
- မြန်မာနိုင်ငံနှင့် စေ့စပ်ဆွေးနွေးရေးလုပ်နေသည့် အမေရိကန်အစိုးရ၏ မူဝါဒများသည် မြန်မာနိုင်ငံတွင် ဒီမိုကရေစီအပြောင်းအလဲများ ဖြစ်လာရန် လုပ်နေခြင်းဖြစ်ပြီး ယခုအချိန်သည် မြန်မာ-အမေရိကန် နှစ်နိုင်ငံအတွက် သမိုင်းဝင်အချိန်ဖြစ်သည်ဟု မြန်မာ့ဒီမိုကရေစီ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က အမေရိကန်နိုင်ငံခြားရေးဝန်ကြီးနှင့် တွေ့ဆုံခဲ့ပြီးနောက် ပြောဆိုလိုက်သည်။ (VOA 021211) Read More…, RFA…
- မြန်မာနိုင်ငံအနေဖြင့် အမေရိကန်နှင့် ပိုမိုနီးကပ်သော ထိတွေ့ဆက်ဆံမှုများ ပြုလုပ်လာချိန်တွင် အိမ်နီးချင်းတရုတ်နိုင်ငံနှင့်လည်း ရင်းနှီးချစ်ခင်သောဆက်ဆံရေးကို ထားရှိနိုင်မည်ဟု အတိုက်အခံခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က ဒီဇင်ဘာ ၂ ရက်နေ့တွင် ပြောဆိုခဲ့သည်။ (Myanmar Times Vol.28, No.546 02-081211) Read More…

## (ခ) ပြည်သူ့လွှတ်တော် ကိုယ်စားပြုကော်မတီ (CRPP)

- အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်နှင့် ဒီဇင်ဘာ ၂ ရက်နေ့တွင် တွေ့ဆုံခဲ့သည့် တိုင်းရင်းသားခေါင်းဆောင်များက နိုင်ငံရေးအကျဉ်းသားများ ပြန်လွှတ်ပေးရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးကို အရေးတကြီးလိုအပ်နေသည်ဟု ပြောဆိုခဲ့ကြောင်း ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ် ဦးအေးသာအောင်က ပြောသည်။ (DVB 021211) Read More…, IMNA…
- အစိုးရအနေဖြင့် ကချင်ပြည်နယ်နှင့် တိုင်းရင်းသားပြည်နယ်များတွင် ဖြစ်ပွားနေသည့် ပြည်တွင်းစစ်ပွဲများကို ချက်ချင်းရပ်တန့်ပေးရန် တိုင်းရင်းသားလူမျိုးစု ဒီမိုကရေစီအင်အားစုများက အစိုးရထံပန်ကြားလွှာ ပေးပို့တောင်းဆိုလိုက်သည်ဟု ပေးပို့ရာတွင် ပါဝင်သူ မွန်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ နိုင်ငွေသိမ်းက ပြောသည်။ (DVB 011211) Read More…

## (ဂ) အခြားတက်ကြွလှုပ်ရှားသူအင်အားစုများ

- မုံရွာထောင်တွင် ထောင်ဒဏ် ၁၅ နှစ် ချမှတ် ထိန်းသိမ်းခံထားရသည့် ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများအဖွဲ့ချုပ် ၂၀၀၇ မျိုးဆက်ခေါင်းဆောင် ကိုဒီငြိမ်းလင်းက အစိုးရအနေဖြင့် ၄င်းကို နိုင်ငံရေးအကျဉ်းသားအဖြစ်သတ်မှတ်ပြီး လွတ်ငြိမ်းချမ်းသာခွင့်နှင့် လွှတ်ပေးမည်ဆိုသည့် မျှော်လင့်ချက်လည်းမရှိကြောင်း မိခင်ဖြစ်သူမှတဆင့် ပြောဆိုလိုက်သည်။ (RFA 271111) Read More…
- အမေရိကန် နိုင်ငံခြားရေးဝန်ကြီး မစ္စဟီလာရီကလင်တန်အား ၎င်း၏ ခရီးစဉ်အတွင်း နိုင်ငံရေးအကျဉ်းသားလွတ်မြောက်ရေး အပါအဝင် တိုင်းရင်းသားဒေသများရှိ စစ်ပွဲများနှင့်လူ့အခွင့်အရေးချိုးဖောက်မှုများ အဆုံးသတ်စေရေးအတွက်ကူညီရန် ပြည်တွင်းရှိ မြန်မာ့အရေးတက်ကြွလှုပ်ရှားသူများက တိုက်တွန်းတောင်းဆိုလိုက်သည်။ (Irrawaddy 281111) Read More…
- အကျဉ်းထောင်အသီးသီးတွင် နိုင်ငံရေးအကျဉ်းသား ၉၀၀ ခန့်ရှိသည့်အကြောင်း စာရင်းထုတ်ပြန်ပြီး အမျိုးသားလူ့အခွင့်အရေး ကော်မရှင်ထံ ပေးပို့ညှိနှိုင်းသွားမည်ဟု နိုင်ငံရေးအကျဉ်းသားလွတ်မြောက်ရေးလှုပ်ရှားမှုကွန်ရက်အဖွဲ့ဝင် ကိုတိုးကျော်လှိုင်ကပြောသည်။ (DVB 291111) Read More…
- နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေး လူမှုကွန်ယက် (မန္တလေး)က အကျဉ်းကျနေသည့် နိုင်ငံရေးအကျဉ်းသား ၄ ဦးဖြစ်သော မသန္တာထွန်း၊ ဦးဝင်းကြည်၊ ကိုအောင်ကျော်ကျော်နှင့် အရှင်ဂမ္ဘီရတို့ကို တစ်ဦးလျှင် ၅ သောင်းကျပ်နှုန်းဖြင့် ဒီဇင်ဘာ ၂ ရက်နေ့တွင် အကူငွေကူညီထောက်ပံ့ခဲ့သည်ဟု ကွန်ယက်အဖွဲ့ခေါင်းဆောင် ဦးကိုလေးက ပြောသည်။ (RFA 021211) Read More…

**NDD- မှတ်တမ်းတင်နှင့်သုတေသနဌာန**

- နိုင်ငံရေး အကျဉ်းသားဟောင်းများ အယောက် (၁၀၀)ခန့် စုပေါင်းပြီး ပြည်တွင်းငြိမ်းချမ်းရေးနှင့် နိုင်ငံရေးအကျဉ်းသားများ အမြန်ဆုံး လွတ်မြောက်စေရန် ရှေးရှုသည့် တွေ့ဆုံပွဲတစ်ရပ်ကို ဒီဇင်ဘာလ ၁ ရက်နေ့ မနက်(၁၀) နာရီမှ နေ့လည် (၁)နာရီ အချိန်အထိ ရန်ကုန်မြို့ သာဓုကျောင်းတိုက်ဂန်း ရွှေညဂါကျောင်း၌ ကျင်းပခဲ့သည်ဟု ၎င်းဆွေးနွေးပွဲကို တက်ရောက်ခဲ့သူ အကျဉ်းသားဟောင်း တစ်ဦးက ပြောသည်။ (Phophtaw 031211) Read More…

(ဃ) မီဒီယာ

- အမေရိကန်နိုင်ငံခြားရေးဂန်ကြီး ဟီလရီကလင်တန်၏ မြန်မာနိုင်ငံခရီးစဉ်အတွင်း သတင်းယူနိုင်ရန် အစိုးရမှ အသိအမှတ်ပြုထားသည့် ပြည်တွင်းသတင်းထောက်များကို ပတ်စပို့ ဓါတ်ပုံ ၄ ပုံအပါအဝင် ကိုယ်ရေးအချက်အလက်များနှင့်တကွ လျှောက်ထားရမည့် ကန့်သတ်ချက်များနှင့် လူဦးရေကိုလည်း သတ်မှတ်ထားသည်ဟု အလွတ်သတင်းထောက်တစ်ဦးကပြောသည်။ (RFA 281111) Read More…

တိုင်းရင်းသားလက်နက်ကိုင်အင်အားစုများ

- တနင်္သာရီတိုင်း၊ မြိတ်တန်းမြို့နယ်တွင် လှုပ်ရှားနေသည့် စစ်ကွပ်ကဲရေးဌာနချုပ်-စကခ (၈)မှ နည်းဗျူဟာ (၂) လက်အောက်ခံ ခမရ (၄၀၇) အား နိုဂင်ဘာလ ၂၆ ရက်နေ့က KNU တပ်မဟာ(၄)တပ်ဖွဲ့က ဆွဲမိုင်းများဖြင့် တိုက်ခိုက်ခဲ့ရာ ၃ ဦးသေဆုံးပြီး ၆ ဦး ဒဏ်ရာရရှိခဲ့သည်ဟု အစိုးရစစ်တပ်နှင့် နီးစပ်သူတစ်ဦးက ပြောသည်။ (KIC 281111) Read More…
- ကချင်ပြည်နယ် မိုးမောက်မြို့နယ် မိုင်ဂျာယန်ဒေသတွင် တိုက်ပွဲများ ပြင်းထန်လာနိုင်သည့်အတွက် စာသင်ကျောင်း ၁၀ ကျောင်းခန့်ကို ကချင်လွတ်မြောက်ရေးအဖွဲ့-KIO မှ နိုဂင်ဘာ ၂၈ ရက်နေ့က စတင်ပိတ်ထားလိုက်ကြောင်း မိုင်ဂျာယန်ဒေသခံများကပြောသည်။ (KIC 281111) Read More…
- ကချင်လွတ်မြောက်ရေးအဖွဲ့ ခေါင်းဆောင်များနှင့် မြန်မာအစိုးရ၏ အထူးကိုယ်စားလှယ်အဖွဲ့တို့သည် နိုဂင်ဘာ ၂၉ ရက်နေ့ ညနေပိုင်းက တရုတ်နိုင်ငံ အနောက်တောင်ဘက်ရှိ ရွှေလီမြို့တွင် အပစ်ခတ်ရပ်ရေးအတွက် နှစ်နာရီခန့်ကြာ ဆွေးနွေးကြသည်ဟု KIO ပြောရေးဆိုခွင့်ရှိသူ ဦးထိန်နန်ကလည်း ပြောသည်။ (Mizzima 291111) Read More…, VOA…
- ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကျောက်မဲခရိုင်၊ ကျောက်မဲမြို့နယ် နှင့် မိုင်းငေါ့မြို့အတွင်းရှိ ပလောင်ရွာနှင့် ရှမ်းရွာတို့တွင် အောက်တိုဘာမှ စတင်၍ ရှမ်းပြည်တပ်မတော် SSA/SSPP တပ်ရင်း (၆၇၁)က ကျေးရွာဥက္ကဌမှတဆင့် တရွာလျှင် ၅ ဦးနှုန်းဖြင့် စစ်သားများ စုဆောင်းနိုင်းနေသည်ဟု ဒေသခံများက ပြောသည်။ (Palaungwomen 291111) Read More…
- နိုဝင်ဘာ ၂၆ ရက်က ကျရောက်သော ၂၁၀၆ ခုနှစ် သျှမ်းနှစ်ကူးပွဲတော် ကြွရောက်ချီးမြင့်သော သံဃာတော်များ၊ တက်ရောက်လာသောပရိသတ်များအား သျှမ်းပြည်တပ်မတော်တောင်ပိုင်းတပ်ဖွဲ့ ဥက္ကဌ ဒု-ဗိုလ်ချုပ်ကြီးယွက်စစ်က လုံးဝလက်နက်ချမည်မဟုတ်ကြောင်း ပြောကြားခဲ့သည်ဟု ပွဲတက်ရောက်သူတစ်ဦးကပြောသည်။ (S.H.A.N 301111) Read More…
- မြန်မာသမ္မတ ဦးသိန်းစိန်နှင့်တွေ့ဆုံစဉ် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်မှ တိုက်တွန်းပြောဆိုလိုက်သည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် စစ်ပွဲများရပ်ဆိုင်းရေးအဆိုပြုချက်ကို ညီညွတ်သောတိုးရင်းသားလူမျိုးများ ဖယ်ဒရယ်ကောင်စီ UNFC က ထောက်ခံကြိုဆိုလိုက်ကြောင်း UNFC ဒု-ဥက္ကဌ ၂ စောဒေးဗစ် တာကဘောက ပြောသည်။ (BBC 011211) Read More…
- လူနှစ်ဦး သေဆုံးစေသည့် နိုဂင်ဘာ ၂၉ ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ရှတာပရူ ကချင်ရိုးရာမနောကွင်းလမ်းဆုံက မိုင်းပေါက်ကွဲမှုသည် ကချင်လွတ်မြောက်ရေးတပ်မတော် KIA ၏ဖောက်ခွဲမှုဖြစ်ကြောင်း ဒီဇင်ဘာ ၁ ရက်၊ ယနေ့ထုတ် မြန်မာအစိုးရသတင်းစာဖော်ပြချက်အား KIO က ငြင်းဆိုလိုက်သည်။ (KNG 011211) Read More…
- ညီညွတ်သော တိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ (UNFC) ကို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ကြီး (၆) ဖွဲ့နှင့် ဆက်စပ်အဖွဲ့ (၆) ဖွဲ့ဖြင့် ဖွဲ့စည်းခဲ့ရာမှ မကြာမီရက်ပိုင်းအတွင်းကျင်းပပြီးခဲ့သည့် ဗဟိုကော်တီအစည်းအဝေးတွင် အခြေခံအဖွဲ့ ၁၂ ဖွဲ့ဖြင့် ပြန်လည် ဖွဲ့စည်းခဲ့သည်။ (IMNA 011211) Read More…
- အစိုးရ တာဂန်ရှိသူများနှင့် ရှမ်းပြည်တပ်မတော်တောင်ပိုင်း(SSA-S) အဖွဲ့ကိုယ်စားလှယ်များ အပစ်အခတ်ရပ်စဲရေးအတွက် ဒီဇင်ဘာ ၂ ရက်နေ့ သဘောတူလက်မှတ်ရေးထိုးလိုက်ကြကြောင်း ဆွေးနွေးပွဲတက်ရောက်ခဲ့သူတစ်ဦးကပြောသည်။(Irrawaddy 021211) Read More…, Mizzima…
- သျှမ်းပြည်မြို့တော် တောင်ကြီးသို့ရောက်ရှိနေသော သျှမ်းပြည်တပ်မတော် RCSS/ SSA ကိုယ်စားလှယ်များနှင့် အစိုးရကိုယ်စားလှယ်တို့ဆွေးနွေးရာတွင် ၎င်းတို့၏ တင်ပြချက် ၄ ချက်ကို အစိုးရကိုယ်စားလှယ်ဖက်က မူအရလက်ခံကြောင်း RCSS/ SSA ခေါင်းဆောင် ဒု-ဗိုလ်ချုပ်ကြီး ယွက်စစ်ကပြောသည်။ (S.H.A.N 021211) Read More…

**NDD- မှတ်တမ်းတင်နှင့်သုတေသနဌာန**

- မြန်မာအစိုးရတပ် စစ်ကားသုံးစီးအား ကချင်လွတ်မြောက်ရေး တပ်ဖွဲ့ (KIA) နှင့် ၎င်း၏အရပ်သားတပ်ဖွဲ့များက ကချင်ပြည်နယ် အနောက်ဘက် ဖားကန့်လမ်းတွင် တိုက်ခိုက်ခဲ့ရာ အစိုးရစစ်သား ၅ ဦးသေပြီး ၅ ဦးဒဏ်ရာရရှိခဲ့ကြောင်း KIA ကပြောသည်။ (KNG 021211) Read More...

## အတိုက်အခံအင်အားစုများ (ပြည်ပ)

- အမေရိကန်နိုင်ငံခြားရေးဝန်ကြီး၏ မြန်မာနိုင်ငံခရီးစဉ်သည် မြန်မာနိုင်ငံ၏ နိုင်ငံတကာနှင့်ချစ်ကြည်စွာ ဆက်ဆံနိုင်သည့်အတွက် ကြိုဆိုရမည်ဟု ဗမာပြည်ကွန်မြူနစ်ပါတီ၏ ပြောရေးဆိုခွင့်ရှိသူ ရဲဘော်ဖိုးသံချောင်းက ပြောသည်။ (BBC 281111) Read More...
- မြန်မာနိုင်ငံကို ရောက်ရှိနေသည့်အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်သည် မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့် မနက်ဖြန်တွေ့ဆုံရန်ရှိပြီး ထိုတွေ့ဆုံမှုကိုကြိုဆိုကြောင်း အမျိုးသမီးများအဖွဲ့ချုပ်-မြန်မာနိုင်ငံ(WLB)က ပြောကြားလိုက်သည်။ (KIC 011211) Read More...

## နိုင်ငံတကာ

### (က) ကုလသမဂ္ဂနှင့် နိုင်ငံတကာ အစိုးရအဖွဲ့အစည်းများ

- မြန်မာနိုင်ငံအနေဖြင့် အရှေ့တောင်အာရှနိုင်ငံများအဖွဲ့ ASEAN ၏ ၂၀၁၄ ခုနှစ် ဥက္ကဋ္ဌအဖြစ် တာဝန်ယူသည့်အချိန်ရောက်လျှင် နိုင်ငံတွင်း အဓိကကျသည့်ကိစ္စရပ်အများအပြား၌ သိသာထင်ရှားသည့်တိုးတက်မှုရှိနေရန် လိုအပ်သည်ဟု ကုလသမဂ္ဂ၏ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီး နာဗီ ပီလေး (Navi Pillay) က တိုက်တွန်းပြောဆိုလိုက်သည်။ (VOA 281111) Read More...
- ၂၀၁၄ အာဆီယံ အလှည့်ကျ ဥက္ကဋ္ဌ တာဝန်မယူခင် ကတိကဝတ်အတိုင်း ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးနှင့် လူ့အခွင့်အရေး အခြေအနေတိုးတက်မှုရှိလာရန် မြန်မာအစိုးရအနေဖြင့်ကြိုးပမ်းသင့်ကြောင်း မြန်မာ့အရေးဆောင်ရွက်နေသည့် အာဆီယံလွှတ်တော် အမတ်များအဖွဲ့ AIPMC က တိုက်တွန်းလိုက်သည်။ (RFA 301111) Read More...
- ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဘန်ကီမွန်းသည် မကြာမီလပိုင်းအတွင်း မြန်မာနိုင်ငံကို သုံးကြိမ်မြောက် သွားရောက်နိုင်ရန်အတွက် မြန်မာအာဏာပိုင်များနှင့် ညှိနှိုင်းပြင်ဆင်မှုများ ပြုလုပ်နေသည်ဟု အတွင်းရေးမှူးချုပ် ပြောခွင့်ရသူ Martin Nesirky က ပြောသည်။ (VOA 021211) Read More...

### (ခ) အစိုးရ

- အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်၏ မြန်မာနိုင်ငံခရီးမစတင်ခင်၌ပင် တရုတ် ဒု-သမ္မတ ရှီကျင့်ဖင်က တရုတ်နှင့်မြန်မာနှစ်နိုင်ငံကြား ပိုမိုခိုင်မာသည့် နည်းဗျူဟာမြောက် မဟာမိတ်ဆက်ဆံရေးကို ဆက်လက်တည်ဆောက်သွားမည်ဟု မြန်မာကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်နှင့်တွေ့ဆုံစဉ် ပြောဆိုလိုက်သည်။ (RFA 281111) Read More..., BBC...
- အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်၏ မြန်မာနိုင်ငံခရီးစဉ်သည် မြန်မာအစိုး၏ ဟန်ပြပြုပြင်ပြောင်းလဲရေး လုပ်ဆောင်ချက်များကို ထောက်ခံပေးသကဲ့သို့ ဖြစ်သွားမည်ကို စိုးရိမ်သည့်အကြောင်း အမေရိကန်အောက်လွှတ်တော် နိုင်ငံခြားရေးရာ ကော်မတီ ဥက္ကဋ္ဌ အလီယာနာ ရော့စ် လစ်တီနန် Ileana Ros-Lehtinen က ထုတ်ဖော်ပြောကြားလိုက်သည်။ (VOA 291111) Read More...
- အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်၏ မြန်မာနိုင်ငံ ခရီးစဉ်သည် တရုတ်နိုင်ငံနှင့် ပတ်သက်မှုမရှိကြောင်း အမေရိကန် နိုင်ငံခြားရေး ဝန်ကြီးဌာန ပြောခွင့်ရပုဂ္ဂိုလ် Mark Toner က ပြောကြားလိုက်သည်။ (RFA 301111) Read More...
- အမေရိကန်နှင့်မြန်မာနိုင်ငံအကြား ဆက်ဆံရေးတိုးတက်လာစေရန်အတွက် မြန်မာအစိုးရဘက်မှ လုပ်ဆောင်ရန်လိုအပ်သည့် အပြောင်းလဲအတိအကျအသေးစိတ်ကို ၎င်း၏သမိုင်းဝင်ခရီးစဉ်အတွင်း မြန်မာခေါင်းဆောင်များနှင့်တွေ့သည့်အခါ အကြံပြုပြောဆိုသွားမည်ဟု အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်က ပြောဆိုလိုက်သည်။ (VOA 301111) Read More...
- အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်၏ မြန်မာနိုင်ငံခရီးစဉ်နှင့်ပတ်သက်၍ တရုတ်နိုင်ငံအနေဖြင့် ကြိုဆိုလိုက်ကြောင်း၊ မြန်မာနိုင်ငံပေါ်ဒဏ်ခတ်ပိတ်ဆို့အရေးယူမှုများကို ရုပ်သိမ်းပေးရန်တိုက်တွန်းကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောခွင့်ရသူ Hong Lei က ပြောကြားလိုက်သည်။ (BBC 011211) Read More..., VOA...

## NDD- မှတ်တမ်းတင်နှင့်သုတေသနဌာန

- မြန်မာ-အမေရိကန် နှစ်နိုင်ငံအကြား ဆက်ဆံရေးကဏ္ဍသစ် ဖွင့်လှစ်နိုင်ပြီဟု မြန်မာသမ္မတ ဦးသိန်းစိန်က အမေရိကန် နိုင်ငံခြားရေး ဟီလာရီကလင်တန်နှင့် တွေ့ဆုံစဉ် ပြောဆိုလိုက်သော်လည်း မြန်မာအစိုးရ၏ ပြုပြင်ပြောင်းလဲမှုများက မလုံလောက်သေးကြောင်း မစ္စကလင်တန်က ပြန်လည်သတိပေးပြောကြားလိုက်သည်။ (BBC 011211) Read More…
- မြန်မာနိုင်ငံကိုရောက်ရှိနေသည့် အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ဟီလာရီ ကလင်တန်က ဒီဇင်ဘာလ ၁ ရက်နေ့ ရန်ကုန် အမေရိကန်သံရုံးတာဝန်ခံနေအိမ်တွင် မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့် သီးသန့်တွေ့ဆုံခဲ့ကြသည်။ (RFA 011211) Read More…
- အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ဟီလာရီ ကလင်တန်က ဒီဇင်ဘာ ၁ ရက်နေ့တွင် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးခင်မောင်မြင့် အပါအဝင် ကိုယ်စားလှယ် ၃၂ ယောက်နှင့် တွေ့ဆုံရာတွင် အစိုးရနှင့် လွှတ်တော်တို့၏ ဆောင်ရွက်ချက်များကို လက်ခံကြောင်းနှင့် ထပ်မံပြောင်းလဲမှုများဖြစ်လာရန်မျှော်လင့်ကြောင်း ပြောဆိုခဲ့သည်ဟု အမျိုးသားဒီမိုကရေစီအင်အားစု NDF အမတ်တစ်ဦးဖြစ်သူ ဒေါက်တာ မြတ်ဉာဏစိုးက ပြောသည်။ (VOA 011211) Read More…
- မြန်မာအစိုးရ၏ ပြုပြင်ပြောင်းလဲရေး လုပ်ဆောင်မှုများ ခိုင်ခိုင်မာမာရှိလာပါက အမေရိကန် ပြည်ထောင်စုဘက်မှ မြန်မာနိုင်ငံအပေါ် အရေးယူပိတ်ဆို့ထားမှုများကို လျှော့ပေါ့ရန် စဉ်းစားမည်ဖြစ်ကြောင်း သမ္မတ ဦးသိန်းစိန်နှင့်တွေ့ဆုံခဲ့သည့် အမေရိကန်နိုင်ငံခြားရေး ဝန်ကြီး ဟီလာရီကလင်တန်က နေပြည်တော် သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ပြောဆိုလိုက်သည်။ (VOA 011211) Read More…
- မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၏ ဒီမိုကရေစီရေးရုန်းကန်းလှုပ်ရှားမှုများကို လေးစားကြောင်း၊ ၄င်းနှင့်အတူ ဆက်လက်ရပ်တည်ထောက်ခံသွားမည်ဖြစ်ကြောင်း အမေရိကန်သမ္မတ ဘာရက်အိုဘားမားက နိုင်ငံခြားရေးဝန်ကြီး မစ္စကလင်တန် မှတဆင့် ဒေါ်အောင်ဆန်းစုကြည်ထံ စာတစ်စောင်ရေးသားပေးပို့လိုက်သည်။ (VOA 011211) Read More…
- မြန်မာအစိုးရက မြောက်ကိုရီးယားထံမှ ဒုံးကျည်နည်းပညာ ရယူနေသည့်အပေါ် အမေရိကန်ကစိုးရိမ်နေကြောင်း အမေရိကန် နိုင်ငံခြားရေးဌာနအဆင့်မြင့်အရာရှိကြီးတစ်ဦးက ပြောကြားလိုက်သည်။ (Irrawaddy 011211) Read More…
- ဒီဇင်ဘာ ၂ ရက်နေ့ နေ့လည်ပိုင်းတွင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မစ္စဟီလာရီ ကလင်တန်က နိုင်ငံရေးအကျဉ်းသား ဟောင်းများ၊ လူမှုအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များနှင့် ရန်ကုန်မြို့တက္ကသိုလ်ရိပ်သာလမ်း အမေရိကန်သံရုံးတွင် တွေ့ဆုံခဲ့သည်။ (Irrawaddy 021211) Read More…, DVB…
- မြန်မာနှင့် မြောက်ကိုရီးယားနိုင်ငံအကြား ထားရှိသည့် စစ်ရေးဆက်ဆံမှုကို ဖြတ်တောက်သွားမည်ဟု မြန်မာအစိုးရ၏ တုံ့ပြန်မှုအပေါ် ကြိုဆိုကြောင်း အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ဟီလာရီ ကလင်တန်ကပြောဆိုလိုက်သည်။ (Mizzima 021211) Read More…
- မြန်မာနိုင်ငံတွင် ပြုပြင်ပြောင်းလဲမှုများ မြင်တွေ့နေရသော်လည်း လွန်ခဲ့သည့်သင်ခန်းစာများအရ အချိန်မရွေးနောက်ပြန်လှည့်သွား နိုင်မှုမျိုးကို သတိထားနေရသည်ဟု အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်က ဒီဇင်ဘာ ၁ ရက်နေ့က ရန်ကုန် အမေရိကန်သံရုံး၌ပြုလုပ်သည့်သတင်းစာရှင်းလင်းပွဲတွင် ပြောဆိုလိုက်သည်။ (VOA 021211) Read More…
- မြန်မာအစိုးရဘက်မှ ပြုပြင်ပြောင်းလဲမှုအချို့ လုပ်ဆောင်လာခြင်းကို အားပေးသည့်အနေဖြင့် မြန်မာနိုင်ငံအနှံ့ လူမှုရေးလုပ်ငန်းများ ဆောင်ရွက်နေသည့်အဖွဲ့အစည်းများကို အမေရိကန်ဒေါ်လာ ၁.၂ သန်း ကူညီပေးသွားမည်ဟု အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ဟီလာရီ ကလင်တန်က ပြောကြားလိုက်သည်။ (RFA 021211) Read More…
- မြန်မာနှင့် အမေရိကန်ပြည်ထောင်စု နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်နိုင်ရန်အတွက် လာမည့်နှစ်အစောပိုင်းကာလအတွင်း မြန်မာကိုယ်စားလှယ်အဖွဲ့ အမေရိကန်နိုင်ငံသို့လာရောက်ရန် ဖိတ်ခေါ်ပါကြောင်း မြန်မာနိုင်ငံသို့လာရောက်သည့် အမေရိကန် နိုင်ငံခြားရေးဝန်ကြီး မစ္စစ်ဟီလာရီကလင်တန်က နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့် တွေ့ဆုံစဉ်ပြောကြားခဲ့သည်။ (Myanmar Times Vol.28, No.546 02-081211) Read More…

### (ဂ) အစိုးရမဟုတ်သောအဖွဲ့အစည်းများ

- အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ဟီလာရီ ကလင်တန် မြန်မာနိုင်ငံကို ရောက်သည့်အခါ မြန်မာစစ်တပ်မှ ကျူးလွန်နေသည့် Crime Against Humanity လူသားဖြစ်မှုကို ကျူးလွန်သည့်ရာဇဝတ်မှုများရပ်တန့်စေရန် သမ္မတဦးသိန်းစိန်အား တိုက်တွန်းရန် အမေရိကန် အခြေစိုက်လူ့အခွင့်အရေးအဖွဲ့ ၁၂ ဖွဲ့က ပူးတွဲတောင်းဆိုလိုက်သည်။ (RFA 281111) Read More…
- အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်အပါအဝင် အဆင့်မြင့်ကိုယ်စားလှယ်များ မြန်မာနိုင်ငံကိုသွားရောက်ပြီး အစိုးရ၏ ပြုပြင်ပြောင်းလဲမှုများကို ကြည့်ရှုသည့်အလျောက် အစိုးရအနေဖြင့် ရသည့်အခွင့်အရေးကို အပြည့်အဝအသုံးချသင့်သည်ဟု Center for a New American Security ဌာနက အာရှပစိဖိတ်လုံခြုံရေးအစီအစဉ်၏ အဆင့်မြင့်ညွှန်ကြားရေးမှူးလည်းဖြစ်၊ အကြံပေးလည်း ဖြစ်သူ Patrick Cronin က ပြောဆိုလိုက်သည်။ (VOA 281111) Read More…

**NDD- မှတ်တမ်းတင်နှင့်သုတေသနဌာန**

- အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ဟီလာရီ ကလင်တန်၏ မြန်မာနိုင်ငံ ခရီးစဉ်သည် ကမ္ဘာ့အကြီးဆုံး အင်အားကြီးနိုင်ငံတစ်ခုအဖြစ် မြန်မာနိုင်ငံကို ဝင်ရောက်လာပြီဟု တရုတ်အစိုးရအားသိသိသာသာအချက်ပြလိုက်ခြင်းဖြစ်ကြောင်း နယူးယောက်အခြေစိုက် Asia Society မှ နိုဝင်ဘာ ၂၈ ရက်နေ့က သတင်းထုတ်ပြန်လိုက်သည်။ (RFA 291111) Read More…
- အမေရိကန်-မြန်မာဆက်ဆံရေး တိုးတက်ကောင်းမွန်လာသည့်အခြေအနေကို ဆက်လက်ထိန်းထားနိုင်ရန်အတွက် သမ္မတ ဦးသိန်းစိန် အစိုးရအနေဖြင့် နိုင်ငံသားအကျဉ်းသားလွှတ်ပေးရေးနှင့် ဒီမိုကရေစီနိုင်ငံအတွက် အဓိကကျသည့်ကိစ္စများကိုလုပ်ဆောင်ပြရန် လိုအပ်သည်ဟု ရန်ကုန် - အမေရိကန်သံရုံး ယာယီတာဝန်ခံအဖြစ် အမှုထမ်းခဲ့သူသံတမန်ဟောင်း ပရစ်စီလာကလပ်က ပြောဆိုလိုက်သည်။ (VOA 291111) Read More…
- မြန်မာနိုင်ငံတွင် အစိုးရနှင့်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအကြား ပြုလုပ်နေသည့်ငြိမ်းချမ်းရေး ပဏာမ ကြိုးပမ်းချက်များနှင့် ပတ်သက်သည့် အစီရင်ခံစာတစ်စောင်ကို နိုင်ငံတကာပဋိပက္ခလေ့လာစောင့်ကြည့်ရေးအဖွဲ့မှ ICG က နိုဝင်ဘာ ၃၀ ရက်နေ့တွင် ထုတ်ပြန်လိုက်သည်။ (BBC 301111) Read More…
- အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန် မြန်မာပြည်သို့ရောက်ရှိနေစဉ် တိုင်းရင်းသားဒေသအတွင်း စစ်မက်ဖြစ်ပွားနေမှုနှင့် နိုင်ငံရေးအကျဉ်းသားကိစ္စအား သမ္မတ ဦးသိန်းစိန်ထံ ပြောဆိုပေးရန် ချင်းမိုင်မြို့ရှိ အမေရိကန် ကောင်စစ်ဝန်ရုံးရှေ့ The Best Friend အဖွဲ့က ဦးဆောင်၍ စုရုံးတောင်းဆိုခဲ့ကြသည်။ (S.H.A.N 011211) Read More…

---

***End of report/ Saturday, December 03, 2011***

**ဒီမိုကရေစီနှင့်ဖွံ့ဖြိုးတိုးတက်ရေးအင်အားစု၊ မှတ်တမ်းတင်နှင့်သုတေသနဌာနမှ ထုတ်ဝေဖြန့်ချိသည်။**

***Documentation and Research Department (NDD)***

---